# အပိုင်း (က) ကြေညာချက်
## ကြေညာချက်အမှတ်၊ ၀၁ ပါတီဗဟိုဌာနချုပ် ၂၀၀၈ ခုနှစ်၊ မတ်လ (၁) ရက်နေ့
## အပိုဒ် ၀၇/၀၈ တားမြစ်ပိတ်ပင်ခြင်း

တတိယအကြိမ် ပါတီညီလာခံသက်တမ်း ပဥ္စမအကြိမ် ပါတီဗဟိုကော်မီတီအစည်းအဝေး ဆုံးဖြတ်ချက်အမှတ် (၃၃) (၁) (ခ) (ဂ) အရ ချင်းအမျိုးသားတပ်ဦးသည် ချင်းလဲန်းနှင့် ပြည်သူ့အကျိုးကိုရည်ရွယ်၍ အောက်ဖော်ပြပါ တားမြစ်ချက်များကို ထုတ်ပြန်လိုက်သည်။ ဤထုတ်ပြန်ချက်ကို မလိုက်နာသောသူ မည်သူမဆို ထိရောက်စွာ အရေးယူခြင်း ခံရမည်ဖြစ်သည်။ ဤတားမြစ်ချက်များသည် ၂၀၀၈ ခုနှစ်။ မတ်လ (၂၀) ရက်နေ့ရက်မှစ၍ အကျိုးဝင်စေရမည်၊

မည်သူမဆို ချင်းလဲန်အတွင်း

(၁) မြစ်ချောင်းအင်းအိုင်များတွင် ဒိုင်နမိုဖြင့် ငါးဖမ်းခြင်း။ အဆိပ်ခတ် ငါးဖမ်းခြင်း။ ဗုံးခွဲ ငါးဖမ်းခြင်း မပြုလုပ်ရန်။

(၂) သဘာဝသစ်ဥသစ်ဖုနှင့် ပန်းများရှာဖွေရာတွင် စည်းမဲ့ကမ်းမဲ့ သစ်ပင်ခုတ်လှဲခြင်း မပြုလုပ်ရန်။

(၃) ရှားပါးတိရိစ္ဆာန်များ အဖြစ်သတ်မှတ်သော အောက်ချင်းငှက်၊ ကျား၊ ဆင်၊ ပြောင်၊ မျောက်လွဲကျော် သတ်ဖြတ်ခြင်းနှင့် အမဲလိုက်ခွေး အသုံးပြု၍ တောလိုက်ခြင်းမပြုလုပ်ရန်။

(၄) တောမီးရှို့ခြင်းမပြုလုပ်ရန်။

(၅) ဒေသခံမြို့၊ ကျေးရွာ၊ ရပ်ကွက်ရှိ အသင်းအဖွဲ့များ၏ အရက်သေစာနှင့် မူးယစ်ထုံထိုင်းဆေး တားမြစ်ချက်များအပေါ်ကူညီပံ့ပိုးရန်။

ဗဟိုကော်မီတီ
ချင်းအမျိုးသားတပ်ဦး
ချင်းလဲန်း